# Information Sheet



VOLUME XI, ISSUE 24 24 December 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H. E. Shri Harsh Vardhan Shringle အား လက်ခံတွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကျင်းပပေးသည့် ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲသို့ တက်ရောက်ချီးမြှင့် | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သန္ဓေအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား | ၆ |
| ၄ | တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြား | ၉ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ လက်ခံတွေ့ဆုံ | ၁၁ |
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ် | ၁၃ |
| ၇ | ဝေါနှင့် ပဲခူးမြို့တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပန်းခင်းစီမံချက် လျှာထားချက်ပြီးမြောက်အောင်မြင်ပွဲများ ကျင်းပပြုလုပ် | ၁၄ |
| ၈ | မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကဦးဆောင်၍ (၁၂)ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေးပြုလုပ် | ၁၅ |
| ၉ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၂၃ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက် | ၂၅ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H. E. Shri Harsh Vardhan Shringle အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H.E. Shri Harsh Vardhan Shringle အား ဒီဇင်ဘာလ ၂၃ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပြီး အမြင်ချင်းဖလှယ် ဆွေးနွေးကြရာ–

- မြန်မာ–အိန္ဒိယနှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံကုန်သွယ်ရေးတိုးတက်ခဲ့မှု အခြေအနေများနှင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် နှစ်နိုင်ငံတိုက်ရိုက်ကုန်သွယ်နိုင်ရေးဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပင်လယ်ရေကြောင်းတိုက်ရိုက်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ။
- မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများအား အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့်အခြေအနေများ၊ လေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ။
- ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးများရောင်းချပေးနေမှုနှင့် လှူဒါန်းပေးနေမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့မှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်အား ထမ်းဆောင်ခဲ့ရမှုအခြေအနေများ။
- အကြမ်းဖက်အဖွဲ့များမှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေမှုအခြေအနေများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်မှု



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု**

အပေါ် တုံ့ပြန်ရေးအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H. E. Shri Harsh Vardhan Shringle တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Shri Saurabh Kumar ၊ အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- **နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံကုန်သွယ်ရေးတိုးတက်ခဲ့မှု အခြေအနေများနှင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် နှစ်နိုင်ငံ တိုက်ရိုက်ကုန်သွယ်နိုင်ရေးဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပင်လယ်ရေကြောင်း တိုက်ရိုက်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့်အခြေအနေများ။**
- **အကြမ်းဖက်အဖွဲ့များမှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေမှု အခြေအနေများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်မှုအပေါ် တုံ့ပြန်ရေးအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများဆွေးနွေးခဲ့။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို က ကျင်းပပေးသည့် ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲသို့ တက်ရောက်ချီးမြှင့်**



၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၏ ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားသို့ ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကက်သလစ်ဆရာတော်များ၊ ရဟန်းတော်များ၊ ကက်သလစ်သီလရှင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ဧည့်ခန်းမဆောင်၌ သီးခြားတွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဘုရားရှိခိုးကျောင်းခန်းမတွင် ခရစ္စမတ်ဆုတောင်းပွဲကိုကျင်းပရာ ကတ်သလစ်ဆရာတော်ကျောင်းတိုက်မိသားစုက ခရစ္စမတ် Carol သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ဂိုဏ်းချုပ်ဆရာတော်ကြီးက ခရစ္စမတ်ဆုတောင်းပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက် စကားပြောကြားရာတွင်-

- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၈၇ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၆ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၅ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ကိန်းဂဏန်းအရ ကွဲလွဲမှုအနည်းငယ်ရှိနိုင်မည်ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၂ နှင့် ၃၆၃ တို့တွင် ဘာသာရေးလွတ်လပ်ခွင့်နှင့် ကူညီစောင့်ရှောက်မှုတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားနေမှု**

- နိုင်ငံတော်၏ လူဦးရေအများစုကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့် အတူ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြားဘာသာဝင်များသည် နှစ်ပေါင်းများစွာကတည်းကပင် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော် ကောင်းကျိုးကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း။
- တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြင့် ပြည့်စုံစေရေးအတွက် အမျိုးသားနိုင်ငံရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့ကြောင်း။
- နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့်စိတ်ဆန္ဒရှိရန် အဓိကအရေးကြီးပါကြောင်း။
- ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များအားလုံး၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်းနှင့် သက်ဆိုင်ရာဘာသာတရားများ၏ အဆုံးအမနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးကိုရှေးရှု၍ မေတ္တာနှလုံးသား၊ သည်းခံခွင့်လွှတ်သောစိတ်ထားများဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ဆုတောင်းစကားပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ခရစ္စမတ်ကိတ်မုန့်ကို အတူတကွလှီး၍ ဂုဏ်ပြုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ကတ်သလစ်ဆရာတော်ကျောင်းတိုက်မိသားစုအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်နှင့် ဂုဏ်ပြုဆုငွေများ၊ အလှူငွေများပေးအပ်ခဲ့သကဲ့သို့ ဂိုဏ်းချုပ်ဆရာတော်ကြီးကလည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- **၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့။**
- **မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၈၇ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၆ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၅ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ကိန်းဂဏန်းအရ ကွဲလွဲမှုအနည်းငယ်ရှိနိုင်မည်ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၂ နှင့် ၃၆၃ တို့တွင် ဘာသာရေးလွတ်လပ်ခွင့်နှင့် ကူညီစောင့်ရှောက်မှုတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်။**



ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက
ခရစ္စမတ်ဆုမွန်ကောင်းစကားပြောကြားနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး
ကာဒီနယ်ချားလ်စ်ဘိုအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်နှင့် ဂုဏ်ပြုဆုငွေများ၊ အလှူငွေများပေးအပ်နေမှု

- တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြင့် ပြည့်စုံစေရေးအတွက် အမျိုးသား နိုင်ငံရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့။
- နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိကအရေးကြီးကြောင်း ပြောကြားခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သင်္ခေအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၃ တွင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သင်္ခေအရာရှိများအား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

**လေ့ကျင့်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာတွင်-**

- စစ်တက္ကသိုလ်နှင့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့သည် စစ်ဘက်ခေါင်းဆောင်များကို တိုက်ရိုက်မွေးထုတ်ပေးပြီး ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့် တက္ကသိုလ်များသည် သက်ဆိုင်ရာဘာသာရပ်များ တတ်ကျွမ်းသည့်စစ်ဘက် ခေါင်းဆောင်များမွေးထုတ်ပေးလျက်ရှိကြောင်း။
- တပ်မတော်တက္ကသိုလ်များနှင့် ပြင်ပတက္ကသိုလ်များသည် သင်ကြားရေးနှင့်ပတ်သက်၍ ကွာခြားမှုများရှိကြောင်း၊ ပြင်ပတက္ကသိုလ်များသည် မိမိကိုယ်တိုင်လေ့လာမှုများကို ဆောင်ရွက်၍ လက်တွေ့လေ့ကျင့်ခန်းများကို ကိုယ်တိုင်တွေးခေါ်မှုနှင့်ဆောင်ရွက်ပြီး စာမေးပွဲဖြေဆိုမှုများကိုပြုလုပ်ရကြောင်း။
- ရွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သဖြင့် မိမိတို့လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အနာဂတ်ခေါင်းဆောင်များအား လေ့ကျင့်သားပြည့်ဝပြီး တပ်မတော်က အားကိုးအားထားရသူများဖြစ်လာစေရန် စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း။
- သက်ဆိုင်ရာအဆင့်အလိုက် သင်ကြားပေးလိုက်သည့်ဘာသာရပ်များအား အမှန်တကယ်တတ်ကျွမ်းပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။
- သင်တန်းသားနှင့်နည်းပြအချိုးကို မျှတအောင်ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးရာတွင် အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ၍ သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်စေရေး လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

- စာပေပညာရပ်များ သင်ကြားပေးရာတွင်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် အမှန်တကယ်တတ်ကျွမ်း၍ ထူးချွန်သူများဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း။
- သင်တန်းသားတစ်ဦးချင်း၏ အနေအထားကိုသိရှိရန်လိုပြီး လိုအပ်ချက်၊ အားနည်းချက်များကိုဖော်ထုတ်၍ ဖိဖိစီးစီး သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် အမှန်တကယ်အရည်အချင်း ရှိသည့်သင်တန်းသားအရာရှိများကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- ထိုသို့မွေးထုတ်ပေးနိုင်ရန်အတွက်လည်း အရည်အချင်းပြည့်ဝသည့် နည်းပြများကို ရွေးခြယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

**မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင်–**

- ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရသက်တမ်းများတွင် တပ်မတော်အနေဖြင့် ဥပဒေအရပေးအပ်ထားသောတာဝန်များကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း။
- ၂၀၁၈ ခုနှစ်မှစ၍ အနိုင်ရပါတီ၏လုပ်ဆောင်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် မိမိအနေဖြင့် ဒီမိုကရေစီတွင် စည်းကမ်းတကျရှိရန်နှင့် တရားမျှတမှုရှိရန် အကြိမ်ကြိမ်တိုက်တွန်းပြောကြားခဲ့ကြောင်း။
- ရွေးကောက်ပွဲကျင်းပရာ၌ ကြိုတင်မဲပေးခြင်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်မှုများမရှိသည်ကို သိရှိခဲ့ရပြီး ရွေးကောက်ပွဲကျင်းပချိန်တွင်လည်း မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ခဲ့သည်ကို အချို့သောပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများ၏ ပြောကြားချက်အရ သိရှိခဲ့ရကြောင်း။
- မဲစာရင်းများအား ပြန်လည်စိစစ်ခဲ့ရာ မဲစာရင်းမှားယွင်းမှုကိုတွေ့ရှိရသဖြင့် အစိုးရအဖွဲ့နှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအား မဲစာရင်းမှားယွင်းမှုများအတွက် ဖြေရှင်းပေးရန် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း။
- တပ်မတော်အနေဖြင့် တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း။
- နိုင်ငံတော်အား အရေးအပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သော်လည်း ဒီမိုကရေစီနည်းလမ်းအရသာ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင်လည်း အမုန်းတရားများမဖြစ်ပေါ်စေရန်နှင့် သွေးထွက်သံယိုမှုအနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင်အတတ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမရှိစေရေးနှင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး၊ မသမာသည့်နည်းလမ်းဖြင့် မဲပေးမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၂၅ ရာခိုင်နှုန်းခန့်သာပြီးစီးသေး၍ ၎င်းလုပ်ငန်းစဉ်ကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသောအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ခွဲခြားကြည့်ပါက လွတ်လပ်ရေးကာလမှ ၂၀၁၁ ခုနှစ်မတိုင်မီအချိန်အထိ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ အယူဝါဒများအရ သဘောထားတိုက်ဆိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့များရှိကြောင်း။
- ၎င်းတို့အဖွဲ့များထဲမှ အချို့အဖွဲ့များအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး(NCA) လက်မှတ်ရေးထိုးထားကြသူများဖြစ်သဖြင့် ၎င်းတို့နှင့်ပတ်သက်၍ ငြိမ်းချမ်းရေးနည်းလမ်းအရ ဆွေးနွေးဆောင်ရွက်နေသည့်အဖွဲ့များဖြစ်ကြောင်း။
- သို့သော် ၂၀၁၁ ခုနှစ်ဒီမိုကရေစီအသွင်ကူးပြောင်းပြီး နောက်ပိုင်းတွင် အချို့သောတိုင်းရင်းသားအဖွဲ့များသည် ဒီမိုကရေစီကိုမျက်ကွယ်ပြု၍ လက်နက်ကိုင်ဆောင်ရွက်လာကြကြောင်း။

- ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများရှိကြောင်း၊ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများအား မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန်မရှိကြောင်း။
- မိမိတို့အနေဖြင့် ပြည်သူများကို ကိုယ်စားပြုသည့်နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သော်လည်း ပါတီအချို့အနေဖြင့် လာရောက်တွေ့ဆုံဆွေးနွေးခြင်းမရှိကြောင်း။
- အစုအဖွဲ့လိုက် ထောက်ခံသူပြည်သူများကို ပါတီများကသာ ကိုယ်စားပြုပြီး ပုဂ္ဂလိကအနေဖြင့် ကိုယ်စားပြုမှုမရှိကြောင်း။
- နိုင်ငံရေးပါတီများသည် ပြည်သူများကိုကိုယ်စားပြုသည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- ဒီမိုကရေစီကိုမျက်ကွယ်ပြု၍မရဘဲ အရေးယူရန်ရှိသူများကို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအထက်တွင်မည်သူမျှရှိ၍မရကြောင်း၊ ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီသာအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ်မူတည်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများနှင့် သန္ဒေအရာရှိများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- **ချွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သဖြင့် မိမိတို့လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အနာဂတ်ခေါင်းဆောင်များအား လေ့ကျင့်သားပြည့်ဝပြီး တပ်မတော်က အားကိုးအားထားရသူများဖြစ်လာစေရန် စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း။**
- **သက်ဆိုင်ရာအဆင့်အလိုက် သင်ကြားပေးလိုက်သည့်ဘာသာရပ်များအား အမှန်တကယ်တတ်ကျွမ်းပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။**
- **နိုင်ငံတော်အား အရေးအပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သော်လည်း ဒီမိုကရေစီနည်းလမ်းအရသာ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း။**
- **နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင်လည်း အမုန်းတရားများမဖြစ်ပေါ်စေရန်နှင့် သွေးထွက်သံယိုမှုအနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။**
- **မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင်အတတ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမရှိစေရေးနှင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး၊ မသမာသည့်နည်းလမ်းဖြင့် မဲပေးမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

- ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများရှိကြောင်း၊ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများအား မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန်မရှိကြောင်း။
- ဒီမိုကရေစီကိုမျက်ကွယ်ပြု၍မရဘဲ အရေးယူရန်ရှိသူများကို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအထက်တွင်မည်သူမျှရှိ၍မရကြောင်း၊ ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ်မူတည်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးကို ဒီဇင်ဘာလ ၂၃ ရက်တွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က-

- တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အချက်များထဲမှ အဓိကအချက်(၁)ခုဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသမျှ တရားဝင်လုပ်ကိုင်သောလုပ်ငန်းများကို အဟန့်အတားဖြစ်စေကြောင်း။

- နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့်အတွက် နယ်စပ်ဒေသနှင့်ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။
- လက်ရှိတွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြဝတီ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှဦးစီး၍ ဆက်စပ်ဝန်ကြီးဌာန (OSS) ဌာနများဖြင့် တရားမဝင်သယ်ဆောင်မှုများကို တားဆီးစစ်ဆေးလျက်ရှိကြောင်း။
- မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ (မေလ)အထိ ခန့်မှန်း ၅ နှစ်တာကာလအတွင်းတွင် အမှုတွဲ (၄,၀၉၂)မှု၊ တန်ဖိုးကျပ်သန်းပေါင်း(၁၉,၂၀၆ ဒသမ ၄၉၉)နှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ မေလအထိ အမှုတွဲ(၂,၇၄၉)မှု၊ တန်ဖိုးကျပ်သန်းပေါင်း (၂၇,၂၈၁ ဒသမ ၇၈၉) ဖမ်းဆီးရမိခဲ့ကြောင်း။
- သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ယခင်ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များမှလည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း အမှုတွဲပေါင်း (၁၀,၁၉၃) မှု တန်ဖိုးကျပ်သန်းပေါင်း (၆၉,၆၆၃)ဖမ်းဆီးရမိခဲ့ကြောင်း။
- တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီဖွဲ့စည်းပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ၉ လတာကာလအတွင်း အမှုတွဲ(၁,၅၁၆)မှု၊ တန်ဖိုးကျပ်သန်းပေါင်း( ၆,၀၆၇) ဖမ်းဆီးရမိခဲ့ကြောင်း။
- နိုင်ငံတော်အတွက်ရသင့်ရထိုက်သည့် အခွန်အခများရရှိစေရန်နှင့် နစ်နာမှုမရှိစေရေး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ်ပြီး ဖမ်းဆီးရမိပစ္စည်းများအား ကြမ်းခင်းဈေးသတ်မှတ်ရာတွင် မြေပြင်၌ ဖြစ်ပေါ်နေသည့် ဈေးနှုန်းနှင့်အနီးစပ်ဆုံးဖြစ်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ဖမ်းဆီးရမိပစ္စည်းများအား အပ်နှံရာတွင် နှောင့်နှေးကြန့်ကြာမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများကို ပူးပေါင်းညှိနှိုင်းပြင်ဆင်နိုင်ရေး ဆောင်ရွက်ရန်၊ မြေပြင်တွင် တရားမဝင်ကုန်သွယ်မှု တားဆီး၊ ဖမ်းဆီးသည့်အဖွဲ့များအတွက် ဖမ်းဆီးရမိဆုကြေးငွေများအား အမြန်ဆုံးခွဲဝေထုတ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများမှ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုများနှင့် ကာကွယ်တားဆီးနိုင်ရေးအတွက် အကြံပြုချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အချက်များထဲမှ အဓိကအချက်(၁)ခုဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသမျှ တရားဝင်လုပ်ကိုင်သော လုပ်ငန်းများကို အဟန့်အတားဖြစ်။

- မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ (မေလ)အထိ ခန့်မှန်း ၅ နှစ်တာ ကာလအတွင်းတွင်  အမှုတွဲ (၄,၀၉၂) မှု၊ တန်ဖိုးကျပ်သန်းပေါင်း (၁၉,၂၀၆ ဒသမ ၄၉၉)နှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ မေလအထိ အမှုတွဲ(၂,၇၄၉)မှု၊ တန်ဖိုးကျပ်သန်းပေါင်း (၂၇,၂၈၁ ဒသမ ၇၈၉) ဖမ်းဆီးရမိခဲ့။

- သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ယခင်ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များမှလည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း အမှုတွဲပေါင်း (၁၀,၁၉၃)မှု တန်ဖိုးကျပ်သန်းပေါင်း (၆၉,၆၆၃) ဖမ်းဆီးရမိခဲ့။

- တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ၉ လတာကာလအတွင်း အမှုတွဲ(၁,၅၁၆) မှု၊ တန်ဖိုးကျပ်သန်းပေါင်း(၆,၀၆၇) ဖမ်းဆီးရမိခဲ့။

---

## အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ လက်ခံတွေ့ဆုံ



ဒီဇင်ဘာလ ၂၂ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E.Shri Harsh Vardhan Shringle ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လက်ခံတွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ စစ်တွေဆိပ်ကမ်းလုပ်



ငန်းစတင်လည်ပတ်ရေးလုပ်ငန်း၊ တမူးကျီကုန်း-ကလေးဝ လမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၊ တမူးနယ်စပ်တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်တည်ဆောက်ရေး စီမံကိန်း၊ နှစ်နိုင်ငံ ပြည်သူချင်းထိတွေ့ဆက်ဆံမှု ပိုမိုခိုင်မာလာစေရေးနှင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များဆွေးနွေးပြောကြားခဲ့ပါ သည်။

ဒီဇင်ဘာလ ၂၃ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁)၊ ရုံးအမှတ်(၄၁)၌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E.Shri Harsh Vardhan Shringle ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ဆွေးနွေးခဲ့ကြသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- **နှစ်နိုင်ငံ ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ စစ်တွေဆိပ်ကမ်းလုပ်ငန်း စတင်လည်ပတ်ရေးလုပ်ငန်း၊ တမူးကျီကုန်း-ကလေးဝ လမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၊ တမူးနယ်စပ်တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ် တည်ဆောက်ရေး စီမံကိန်းများ ဆွေးနွေးခဲ့။**
- **မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ဆွေးနွေးခဲ့။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် လာမည့် ၂၀၂၂ ခုနှစ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၂၃ ရက်တွင် ဆေးတက္ကသိုလ်(၁)စာကြည့်တိုက်ရှိ အစည်းအဝေးခန်းမမှတစ်ဆင့် Zoom Meeting ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင်-

- ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် Covishield ၁၃ ဒသမ ၄ သန်း၊ Sasakawa foundation မှ လှူဒါန်းသည့် Covaxin ၂ သန်း၊ အိန္ဒိယနိုင်ငံမှ လှူဒါန်းမည့် Covaxin ၁ သန်း၊ တရုတ်နိုင်ငံမှ လှူဒါန်းမည့် Sinovac ၁ သန်း ရရှိရန်ရှိကြောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ၁ သန်း၊ ဖေဖော်ဝါရီလမှစတင်၍ မြန်မာနိုင်ငံတွင် ထုတ်လုပ်မည့် Sinopharm ကာကွယ်ဆေးများ လစဉ် ၁ သန်းခန့် ရရှိရန်ရှိသည့်အတွက် ကာကွယ်ဆေးများကို စနစ်တကျ၊ အလေအလွင့်၊ အပျက်အစီးမရှိဘဲ ထိရောက်စွာအသုံးပြုနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။
- ကာကွယ်ဆေးများ၏ သက်တမ်းကုန်ဆုံးရက်မတိုင်မီ နိုင်ငံသူ၊ နိုင်ငံသားများအား ကာကွယ်ဆေးများ အာနိသင်မပျက် ကောင်းမွန်စွာအသုံးပြုနိုင်ရန် ကာကွယ်ဆေးများ လက်ခံ၊ ထိန်းသိမ်း၊ ထားသို၊ ဖြန့်ဝေ၊ ထိုးနှံသည့် အဆင့်တိုင်းတွင် ကာကွယ်ဆေးအလိုက် ထိန်းသိမ်းထားရှိရမည့် အအေးလမ်းကြောင်းကို အထူးအလေးထား ဂရုပြုဆောင်ရွက်စေလိုကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လာမည့် ၂၀၂၂ ခုနှစ် အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကင်ဆာရောဂါ ကုသဆောင်နှင့် ဆောက်လုပ်ဆဲ ၇ ထပ် ဆေးကုသဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် Covishield ၁၃ ဒသမ ၄ သန်း၊ Sasakawa foundation မှ လှူဒါန်းသည့် Covaxin ၂ သန်း၊ အိန္ဒိယနိုင်ငံမှ လှူဒါန်းမည့် Covaxin ၁ သန်း၊ တရုတ်နိုင်ငံမှ လှူဒါန်းမည့် Sinovac ၁ သန်း ရရှိရန်ရှိ။**
- **၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ၁ သန်း၊ ဖေဖော်ဝါရီလမှစတင်၍ မြန်မာနိုင်ငံတွင် ထုတ်လုပ်မည့် Sinopharm ကာကွယ်ဆေးများ လစဉ် ၁ သန်းခန့် ရရှိရန်ရှိသည့်အတွက် ကာကွယ်ဆေးများကို စနစ်တကျ၊ အလေအလွင့်၊ အပျက်အစီးမရှိဘဲ ထိရောက်စွာအသုံးပြုနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လာမည့် ၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်။**

## ဝေါနှင့် ပဲခူးမြို့တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပန်းခင်းစီမံချက် လျာထားချက်ပြီးမြောက်အောင်မြင်ပွဲများ ကျင်းပပြုလုပ်




ဒီဇင်ဘာလ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့ မြို့နယ်ခန်းမနှင့် ပဲခူးမြို့၊ မြို့တော်ခန်းမတို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပန်းခင်းစီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်ပွဲအခမ်းအနားများကို ကျင်းပခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့သည် ဝေါမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာကိုယ်စားလှယ်များထံသို့လည်းကောင်း၊ စီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဝေါမြို့နယ်နှင့် ပဲခူးမြို့နယ် ဦးစီးမှူးများထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၉,၅၇၆ ကတ်လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၁၁၂,၂၁၅ ကတ် ပြီးစီးခဲ့ပြီး ဝေါမြို့နယ်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅,၂၄၈ ကတ်လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၅,၄၄၅ ကတ် ၁၀၃ ဒသမ ၇၅ ရာခိုင်နှုန်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်းမရှိသေးသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၁,၄၃၆ စု ကိုလည်းထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၉,၅၇၆ ကတ် လျှာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၁၁၂,၂၁၅ ကတ် ပြီးစီးခဲ့။
- ဝေါမြို့နယ်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅,၂၄၈ ကတ် လျှာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၅,၄၄၅ ကတ် ၁၀၃ ဒသမ ၇၅ ရာခိုင်နှုန်း ပြီးစီးခဲ့။
- ယင်းကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၁,၄၃၆ စုကိုလည်း ထုတ်ပေးခဲ့ပြီးဖြစ်။

# မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကဦးဆောင်၍ (၁၂)ကြိမ်မြောက် အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေးပြုလုပ်





မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေး ($12^{th}$ ADMM –Plus Experts' Working Group on Counter–Terrorism Meeting EWG on CT Meeting)ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ဆောင်ရွက်ပြီး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ ADMM–Plus EWG–CT ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ အမေရိကန်တို့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။


အစည်းအဝေးတွင် မြန်မာနိုင်ငံက "The Terrorist Attacks, Threatening National Security in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ–

- မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိပါးနှောင့်ယှက်နေမှုများမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများနှင့်




မူးယစ်ဆေးဝါးပြဿနာများအပါအဝင် လက်ရှိဖြစ်ပေါ်နေသော NUG နှင့် PDF တို့၏ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ကြောင်း။

- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့်မဲမသမာမှုများ၊ ဥပဒေမဲ့ဆောင်ရွက်ချက်များကြောင့် နိုင်ငံတော်၏အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲမသမာမှုများကို ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့သော်လည်း NLD အစိုးရအနေဖြင့် အကြိမ်ကြိမ်ပယ်ချခဲ့ပြီး နောက်ဆုံးတွင် ၎င်းတို့၏အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲရလဒ်နှင့် အစိုးရအသစ်ဖွဲ့စည်းရန် ကြိုးစားလာခြင်းကြောင့်သာ နိုင်ငံတော်၏ အရေးပေါ်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရခြင်းဖြစ်ကြောင်း။
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများမှအကြမ်းဖက်မှုသို့ အဆင့်ဆင့်ကူးပြောင်းခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုများသို့ ကူးပြောင်းလာချိန်မှသာ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး ၎င်းအကြမ်းဖက်အဖွဲ့အစည်းများက စစ်ဘက်ပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း။
- NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆဖြင့် အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲပြီး အုပ်ချုပ်ရေးမှူးများနှင့် NLD ကိုမထောက်ခံသည့် သာမန်ပြည်သူများကို ရက်ရက်စက်စက်သတ်ဖြတ်မှုများပြုလုပ်ခဲ့ကြောင်း။
- အထူးသဖြင့် CDM မလုပ်ဘဲ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် တာဝန်ထမ်းဆောင်နေသည့် ဆရာ/ဆရာမများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးအပါအဝင် ကျန်းမာရေးဝန်ထမ်းများကိုပါ လုပ်ကြံသတ်ဖြတ်မှုများပြုလုပ်ခဲ့ကြောင်း။
- လတ်တလောဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားနေခြင်းမဟုတ်ဘဲ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောက်တရားဖြင့် ထိန်းချုပ်ဆောင်ရွက်နေသည့် နေရာတစ်ချို့တွင်သာ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်းနှင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အစွန်းရောက် NLD ပါတီထောက်ခံသူများ၏ ပါဝင်ပတ်သက်မှုများကို အထောက်အထားများဖြင့် ရှင်းလင်းပြောကြားခဲ့။
- NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ မသိရှိစေရန်နှင့် လိုရာဆွဲပုံဖော်နိုင်ရန် အစိုးရဆန့်ကျင်သည့် မီဒီယာများမှ တစ်ဖက်သတ်လုပ်ကြံသတင်းများရေးသားခြင်း၊ မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေးရည်မှန်းချက်ရှိသည့်အုပ်စုများအနေဖြင့်




မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ဖြစ်စဉ်များအပေါ်တွင် မဟုတ်မမှန်ဇာတ်လမ်းများကို လုပ်ကြံဖန်တီးတည်ဆောက်လျက်ရှိခြင်း၊ မီဒီယာနည်းပညာနှင့်ငွေကြေးအကူအညီရယူပြီး ထိုသို့မဟုတ်မမှန် အကြောင်းအရာများကို ကြိမ်ဖန်များစွာ ထုတ်ပြန်ရေးသားခြင်းများကြောင့် Political Na-rrative များဖြစ်လာပြီး အမှန်တရားအလွန် နိုင်ငံရေး Post-truth Politics ၏ လက်နက်တစ်ခုအဖြစ် လုပ်ဆောင်နေကြကြောင်း။

- ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံအားလုံး သဘောတူညီထားသည့် စံသတ်မှတ်ချက်မရှိသော်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များမှာ ကမ္ဘာ့နိုင်ငံကြီးများ၏ အကြမ်းဖက်ဝါဒ စံသတ်မှတ်ချက်များနှင့် ထပ်တူကျနေကြောင်း။
- အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး INTERPOL အပါအဝင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့အစည်းများထံသို့လည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း။
- ကမ္ဘာ့နိုင်ငံတစ်ချို့အနေဖြင့် ထိုအကြမ်းဖက်အဖွဲ့အစည်းများကို ထိတွေ့ဆက်ဆံမှုများပြုလုပ်နေခြင်းသည် အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုရာရောက်နေကြောင်း၊ CRPH၊ NUG၊ PDF တို့၏ အကြမ်းဖက်မှုလုပ်ရပ်များကို မျက်ဝါးထင်ထင်သိရှိနေလျက်ဖြင့် ၎င်းတို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရန်ခက်ခဲနေသော ဒီမိုကရေစီနိုင်ငံကြီးအချို့၏ စဉ်းစားမှုကိုနားမလည်နိုင်ကြောင်း။
- နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံနှင့်ဒေသတွင်းတည်ငြိမ် အေးချမ်းရေးအတွက် နိုင်ငံရေးရလိုမှုကို အခြေခံသည့် အကြမ်းဖက်ဝါဒမပြန့်ပွားစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း စသည့်အချက်များအား ဆွေးနွေးခဲ့ကြပါသည်။

ရုရှားနိုင်ငံက "Threats to the national security of the Russian Federation emanating from the activities of international terrorist organizations" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ရုရှားနိုင်ငံ၏အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသမှ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်အဖွဲ့အစည်းများအကြောင်းကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ "Evaluation of National Security Threats" ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးက ၎င်းတို့နိုင်ငံများ၏လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို ရှင်းလင်းဆွေးနွေးပြီး အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများက စာတမ်းအပေါ် ၎င်းတို့၏ အမြင်များကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ASEAN Defence Ministers' Meeting-Plus (ADMM-Plus) လုပ်ငန်းစဉ်အောက်တွင် အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ (ADMM-Plus EWG on CT) ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ (၁၂)ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ဆောင်ရွက်ပြီး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့။

- အစည်းအဝေးသို့ ADMM-Plus EWG-CT ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ အမေရိကန်တို့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့။

- မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိပါးနှောင့်ယှက်နေမှုများမှာ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခ များနှင့် မူးယစ်ဆေးဝါးပြဿနာများအပါအဝင် လက်ရှိဖြစ်ပေါ်နေသော NUG နှင့် PDF တို့၏ အကြမ်းဖက် လုပ်ရပ်များဖြစ်။

- NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆဖြင့် အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲပြီး အုပ်ချုပ်ရေးမှူးများနှင့် NLD ကိုမထောက်ခံသည့် သာမန် ပြည်သူများကို ရက်ရက်စက်စက်သတ်ဖြတ်မှုများပြုလုပ်ခဲ့ကြောင်း။

- လတ်တလောဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားနေခြင်း မဟုတ်ဘဲ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောက်တရားဖြင့် ထိန်းချုပ်ဆောင်ရွက်နေသည့် နေရာတစ်ချို့တွင်သာ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်းနှင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အစွန်းရောက် NLD ပါတီထောက်ခံသူများ၏ ပါဝင်ပတ်သက် မှုများကို အထောက်အထားများဖြင့် ရှင်းလင်းပြောကြားခဲ့။

- ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံအားလုံး သဘောတူညီထားသည့် စံသတ် မှတ်ချက်မရှိသော်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များမှာ ကမ္ဘာ့နိုင်ငံ ကြီးများ၏ အကြမ်းဖက်ဝါဒစံသတ်မှတ်ချက်များနှင့် ထပ်တူကျနေကြောင်း။


- ကမ္ဘာ့နိုင်ငံတစ်ချို့အနေဖြင့် ထိုအကြမ်းဖက်အဖွဲ့အစည်းများကို ထိတွေ့ဆက်ဆံမှုများပြုလုပ်နေခြင်းသည် အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုရာရောက်နေကြောင်း၊ CRPH၊ NUG၊ PDF တို့၏ အကြမ်းဖက်မှု လုပ်ရပ်များကို မျက်ဝါးထင်ထင်သိရှိနေလျက်ဖြင့် ၎င်းတို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အသိအမှတ် ပြုရန်ခက်ခဲနေသော ဒီမိုကရေစီနိုင်ငံကြီးအချို့၏ စဉ်းစားမှုကိုနားမလည်နိုင်ကြောင်း။

- မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ASEAN Defence Ministers' Meeting-Plus (ADMM-Plus)လုပ်ငန်းစဉ် အောက်တွင် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ (ADMM-Plus EWG on CT) ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင် သွားမည်ဖြစ်။


# (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေးမှတ်တမ်းဓာတ်ပုံများ




ဩစတေးလျနိုင်ငံ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ




ဂျပန်နိုင်ငံ





ကိုရီးယားသမ္မတနိုင်ငံ



စင်ကာပူနိုင်ငံ




ထိုင်းနိုင်ငံ




အမေရိကန်နိုင်ငံ




ဗီယက်နမ်နိုင်ငံ


## (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ မြန်မာနိုင်ငံက ဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



















## (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ မြန်မာနိုင်ငံက ဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









| States/ Regions | Township | Schools | Remarks |
|---|---|---|---|
| Naypyitaw | 5 | 13 | |
| Kachin | 8 | 23 | |
| Kayah | 1 | 3 | |
| Kayin | 4 | 12 | |
| Chin | 3 | 6 | |
| Sagaing | 21 | 65 | |
| Tanintharyi | 2 | 3 | |
| Bago | 10 | 22 | |
| Magway | 16 | 44 | |
| Mandalay | 25 | 83 | |
| Mon | 7 | 39 | |
| Rakhine | | | |
| Yangon | 30 | 78 | |
| Shan | 15 | 24 | |
| Ayeyarwady | 15 | 29 | |
| Total | 162 | 444 | |













အကြမ်းဖက်လုပ်ရပ်များကို သတင်းတု၊ သတင်းမှားများဖြင့် လိုရာဆွဲပုံဖော်ထုတ်လွှင့်ခြင်း




ရုရှား၊ အမေရိကန်နှင့် မြန်မာနိုင်ငံတို့မှ အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**ဟသ်ာတမြို့နယ်တွင် အသက်(၁၈)နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၆,၇၈၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၂,၂၇၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်း သား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၂၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၉,၇၃၉ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၅,၇၃၂ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၂၃ ရက်အထိ ကျောင်းသား/သူစုစုပေါင်း ၁,၄၆၈,၂၃၅ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဒီဇင်ဘာလ ၂၃ ရက်အထိ လူဦးရေစုစုပေါင်း ၂၀ ဒသမ ၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၄ ဒသမ ၃ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၃၄ ဒသမ ၅ သန်း ထိုးနှံပြီးဖြစ်။
- အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး COVAXIN ၁ သန်းအား အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Shri Harsh Vardhan Shringle က မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားလှယ်ထံပေးအပ်ခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- ဒီဇင်ဘာလ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၃ ခုမှ ယာဉ် ၄ စီးဖြင့် အောက်ဆီဂျင်ထုတ်စက် ၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက်အခု ၄၀ နှင့် နှာခေါင်းစည်း(Mask) ၁၀ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၃ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၃,၄၀၇ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၆ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၂.၀၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၃-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၉၅၀,၇၉၆ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၉,၁၁၄ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၉,၂၄၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**



မြိတ်မြို့နယ်အတွင်းရှိ သာသနာ့နွယ်ဝင်သီလရှင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးနေမှု



ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု




အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လွှဲပြောင်းပေးအပ်နေမှု



အကောက်ခွန်ဦးစီးဌာနမှ ကိုဗစ်ရောဂါကာကွယ်ရေးပစ္စည်းများအား စစ်ဆေးထုတ်ပေးနေမှု

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၆,၇၈၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၂,၂၇၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၂၃-၁၂-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၄၆၈,၂၃၅ ဦး ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **၂၃-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၉၅၀,၇၉၆ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၉,၁၁၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၄၂ ဦးဖြစ်ပြီး ၂၃-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၂.၀၆ ရာခိုင်နှုန်းရှိ။**
- **အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး COVAXIN ၁ သန်းအား ပေးအပ်လှူဒါန်းခဲ့။**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်



**အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် ပစ္စည်းများ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာအတွင်း ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒီဇင်ဘာလ ၂၃ ရက်တွင် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

ဖြစ်စဉ်မှာ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာ၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား ၃၀၀ ဦးခန့်က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်ဘက်သို့ ကစဥ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ရပြီး အကြမ်းဖက်သမားများထံမှ အလောင်း ၉ လောင်း၊ အာပီဂျီ ၁ လက် (ပျက်စီး)၊ လက်လုပ်မိုင်း ၁ လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၅၀ ခု၊ မီးရှို့စနက်တံ ၄၀၀ ခု၊ ယမ်းကြိုး (မီတာ ၅၀ ပါ) ၄ ခွေတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်းဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တာဝန်သိပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၂၄-၁၂-၂၀၂၁)**

- **ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား ၃၀၀ ဦးခန့်က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့။**
- **အကြမ်းဖက်သမားများထံမှ အလောင်း ၉ လောင်း၊ အာပီဂျီ ၁ လက်(ပျက်စီး)၊ လက်လုပ်မိုင်း ၁ လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၅၀ ခု၊ မီးရှို့စနက်တံ ၄၀၀ ခု၊ ယမ်းကြိုး(မီတာ ၅၀ ပါ) ၄ ခွေတို့အား သိမ်းဆည်းရမိခဲ့။**